“အလ္လာဟ်အရှင်မြတ်၏ လမ်းတော်(ဂျိဟာဒ်ပြုခြင်း)၌

သင်သုံးစွဲခဲ့သော ဒီနာရ်(ရွှေဒင်္ဂါး)တစ်ပြား၊

ကျွန်တစ်ဦးကို လွတ်မြောက်ရန် သင်သုံးစွဲခဲ့သော

ဒီနာရ်တစ်ပြား၊ ဆင်းရဲသားတစ်ဦးအား

စွဒ်ကဟ်အလှူဒါနအဖြစ် သင်ပေးခဲ့သော ဒီနာရ်တစ်ပြားနှင့်သင့်မိသားစုအတွက် သင်သုံးစွဲခဲ့သော

ဒီနာရ်တစ်ပြားတို့အနက် အကျိုးကုသိုလ်အကြီးမားဆုံးမှာသင့်မိသားစုအတွက် သင်အသုံးပြုခဲ့သောဒီနာရ်ပင်ဖြစ်သည်။”

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ “အလ္လာဟ်အရှင်မြတ်၏ လမ်းတော်(ဂျိဟာဒ်ပြုခြင်း)၌ သင်သုံးစွဲခဲ့သောဒီနာရ်(ရွှေဒင်္ဂါး)တစ်ပြား၊ ကျွန်တစ်ဦးကို လွတ်မြောက်ရန် သင်သုံးစွဲခဲ့သော
ဒီနာရ်တစ်ပြား၊ ဆင်းရဲသားတစ်ဦးအား စွဒ်ကဟ်အလှူဒါနအဖြစ် သင်ပေးခဲ့သော
ဒီနာရ်တစ်ပြားနှင့် သင့်မိသားစုအတွက် သင်သုံးစွဲခဲ့သော ဒီနာရ်တစ်ပြားတို့အနက်
အကျိုးကုသိုလ်အကြီးမားဆုံးမှာ သင့်မိသားစုအတွက် သင်အသုံးပြုခဲ့သောဒီနာရ်ပင်ဖြစ်သည်။”
[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် လှူဒန်းသုံးစွဲမှုအမျိုးအစားအချို့ကို ဖော်ပြရာတွင် “အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဂျိဟာဒ်ပြုခြင်းတွင်သင်အသုံးပြုခဲ့သော ဒီနာရ်တစ်ပြား၊ ကျေးကျွန်တစ်ဦးဦးအား သူကောင်းပြုရာတွင်သင်အသုံးပြုခဲ့သော ဒီနာရ်တစ်ပြား၊ လိုအပ်နေသော ဆင်းရဲသားတစ်ဦးအားစွဒ်ကဟ်အလှူဒါနအဖြစ် သင်ပေးခဲ့သော ဒီနာရ်တစ်ပြားနှင့် သင်၏ဇနီးနှင့်သားသမီးများအတွက် သင်အသုံးပြုခဲ့သော ဒီနာရ်တစ်ပြား” ဖြစ်သည်ဟုမိန့်ကြားတော်မူခဲ့သည်။ ထို့နောက် ၎င်းတို့အနက် အလ္လာဟ်အရှင်မြတ်ထံတွင်အကျိုးကုသိုလ်အကြီးမားဆုံးမှာ သင့်အပေါ်တွင် သုံးစွဲရန်တာဝန်ရှိသောသင်၏မိသားစုဝင်များအတွက် သင်အသုံးပြုခဲ့သော ဒီနာရ်ဖြစ်ကြောင်းမိန့်ကြားတော်မူခဲ့သည်။

http://www.sunnah.global/hadeeth/my/show/5813